Highlight Quotes from DVB Debate's Tomorrow's Leaders Show

April 25, 2015

"Who are the leaders for tomorrow?"

"၂၀၁၅ အလွန် ဘယ်လိုခေါင်းဆောင်မျိုးဖြစ်သင့်လဲဆိုရင် အချက် ၅ ချက် ကျနော်က သတ်မှတ်မယ်။ ခေတ်ရဲ့တောင်းဆိုချက်ဖြည့်နိုင်တဲ့ အရည်အချင်းရှိဖို့လည်း လိုသေးတယ်။ လူထုကြိုက်ဖို့လိုမယ်၊ ဒုတိယက တိုင်းရင်းသားကိစ္စတည်တည်ငြိမ်ငြိမ်ဖြေရှင်းနိုင်ရမယ်၊ တတိယက ခင်ဗျားတို့ ကြိုက်ကြိုက် မကြိုက်ကြိုက် ဗမာ့နိုင်ငံရေးမှာ တပ်နဲ့ deal လုပ်နိုင်မယ့်ခေါင်းဆောင်...."

ဦးကျော်ဝင်း - စာရေးဆရာ

---

"ဗိုလ်ချုပ်နေဝင်းဟာ မူဝါဒတွေ အကောင်အထည်ဖော်မှုအပိုင်း တအားကျွမ်းကျင်တယ် ဒါပေမယ့် သူ့ရဲ့ မူ မကောင်းတော့ တိုင်းပြည်ကအခြေအနေပိုဆိုးသွားတယ်။ လက်ရှိ တိုင်းပြည်က အသွင်ကူးပြောင်းနေသေးတော့ မူချမှတ်ဖို့ ခက်နေသေးတယ်။ ဘာမူနဲ့သွားမလဲဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တခုထဲသော မူ။ ဒါပေမယ့်......"

ဒေါက်တာ ဆလိုင်းလျန်မှုန်း - ချင်းအမျိုးသားတပ်ဦး

---

"လက်ရှိ အစိုးရအဖွဲ့ရော နိုင်ငံရေးပါတီတွေမှာ ဘယ်လိုအုပ်ချုပ်မှုပုံစံနဲ့သွားနေလဲဆို ဟိုးအရင် အင်္ဂလိပ်ခေတ် ဗျူရိုကရေစီအုပ်ချုပ်မှုပုံနဲ့သွားနေတုန်းပဲ အဆင်မပြေသေးဘူး။ ပါတီတွေထဲမှာဆိုရင်လဲ မူဝါဒကောင်းတဲ့ ပါတီတွေက ဖွဲ့စည်းပုံမကောင်းဘူး။ ဖွဲ့စည်းပုံအားကောင်းတဲ့ပါတီတွေက မူတွေ မကောင်းဘူးဖြစ်နေတယ်။"

ပါမောက္ခဦးအေးကျော် - Myanmar Management Institute ကျောင်းအုပ်

---

"လွှတ်တော်ထဲမှာ ဆရာကျော်ဝင်းပြောသွားတဲ့ ခေါင်းဆောင်စံနှုန်းပြည့်စုံတဲ့သူတွေ နည်းရခြင်းအကြောင်းက ကိုယ်ပိုင် မူ တသမတ်ထဲ ဆုပ်ကိုင်ထားခြင်းမရှိတာကြောင့်ရယ်.. ဖြူနေတာကိုသိရဲ့သားနဲ့ သူများအမည်းဆိုလို့ လိုက် မည်းနေသူတွေရှိသမျှ ကာလပတ်လုံး ............."

ဒေါ်တင်နွယ်ဦး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---

"ခေါင်းဆောင်အကြောင်းပြောကြတော့ လူနဲ့မှုကို ဆွေးနွေးချင်တယ်။ လက်ရှိက လွှတ်တော်ထဲမှာ အမျိုးသားလွှတ်တော်က အနိုင်ရသူအကုန်ယူစနစ်ပြောတယ်.. ပြည်သူ့လွှတ်တော်က ပီအာရ်စနစ်.. ဒီလိုအငြင်းပွားနေတော့ ပြည်သူကဘယ်မှုကို လိုက်ရမှန်းမသိဖြစ်နေတယ်။ စနစ်ကိုက.................."

ဒေါ်နန်းခမ်းယုံ - တက်ကြွလှုပ်ရှားသူ

---

"ကျနော့်တော့ အခုလက်ရှိနိုင်ငံအခြေအနေအရ လူထုကြိုက်တဲ့ ခေါင်းဆောင်ဖြစ်ဖို့လိုတယ်မြင်တယ်။ မူကောင်းကောင်းကို လူထုကြိုက်တဲ့ခေါင်းဆောင်က ချမှတ်ပေးသွားရင် ဒီမူနဲ့ပဲ နောက်............."

ကိုကြည်မင်းသူ - Public Welfare Network

---

"၂၀၁၅ အလွန်ခေါင်းဆောင်မှုရှာမယ်ဆိုရင် အရင်ဆုံး ယန္တယားတွေပြောင်းလဲသင့်ပြီ။ ခေါက်ရိုးကျိုးနေတဲ့ မလုပ်မရှုပ်မပြုတ် အလုပ်လဲမလုပ် မရှုပ်လဲမရှုပ်ကြတဲ့ လူတွေကိုပြောင်းလဲသင့်ပြီ။ လက်ရှိ ဂန်ကြီးဌာန ၃၄ခုမှာကိုပဲ.........."

ဒေါ်ချင်းချင်း - ညီနောင်တိုင်းရင်းသားများဖက်ဒရေးရှင်း

---